ABSDF
All Burma Students' Democratic Front

# နအဖ စစ်အုပ်စု၏ သတင်းထုတ်ပြန်ချက်အပေါ် တုန့်ပြန်ချက်

၂၀၀၉ခုနှစ် မေလ ၂၅ ရက်နေ့ထုတ် နအဖ သတင်းစာများမှ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော်) အား အကြမ်းဖက်အဖွဲ့ဟူ၍ လည်းကောင်း၊ ပျဉ်းမနား နေပြည်တော်ရထားအား ဗုံးဖောက်ခွဲရန် ကြံရွယ်သည်ဟု လည်းကောင်း၊ ပြည်သူလူထု မှီတင်းသွားလာနေထိုင်ရာ နေရာများတွင် အထိတ်တလန့်ဖြစ်စေရန်နှင့် သေကြေပျက်ဆီးစေရန် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကြံစည်ကြိုးစားလျက်ရှိသည်ဆိုသည့် အခြေအမြစ်မရှိ စွပ်စွဲရေးသား ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရသည်။

၁။ မကဒတ (ကျောင်းသားတပ်မတော်) သည် တော်လှန်ရေးသက်တမ်း နှစ် (၂၀) ကျော်လာသည်အထိ ပြည်သူလူထုရှေ့မှ ခိုင်ခိုင်မာမာရပ်တည်၍ စစ်အာဏာရှင်စနစ် ဆိတ်သုဉ်းရေးအတွက် လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးနှင့် အတူတကွ လက်တွဲတိုက်ပွဲဝင်နေသော ကျောင်းသားလူငယ် တော်လှန်ရေးအဖွဲ့အစည်းတရပ်ဖြစ်သည်။

၂။ မကဒတ၏ နိုင်ငံရေး၊ စစ်ရေးလမ်းစဉ်သည် လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုတိုက်ပွဲ ပေါင်းစပ်ရေး အပါအဝင် တိုက်ပွဲနည်းလမ်းပေါင်းစုံဖြင့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သဘောထားကို ပြည်တွင်းပြည်ပသို့ တရားဝင် အတိအလင်း ကြေညာထားပြီးဖြစ်သည်။

၃။ မကဒတ (ကျောင်းသားတပ်မတော်) သည် ပြည်သူလူထု၏ အသက်၊ အိုးအိမ်စည်းစိမ် အပါအဝင် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးစေမည့် (လူထုဆန့်ကျင်ရေး) မည်သည့်ကိစ္စရပ်များကိုမဆို လုံးဝ ပြုလုပ်မည်မဟုတ်။ သို့သော် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက်မူ အသက်၊ သွေးချွေး ပေးဆပ်ကာ ဆက်လက်တိုက်ပွဲဝင်သွားမည်ဆိုသည်ကို ထပ်လောင်း အသိပေးလိုက်သည်။

၄။ ယနေ့ မြန်မာ့နိုင်ငံရေးအခြေအနေသည် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် ကျောင်းသားပြည်သူ တရပ်လုံး၏ လှုပ်ရှားမှုများ အရှိန်မြင့်တက်နေသည့်အချိန်တွင် နအဖစစ်အာဏာရှင်များကိုယ်တိုင် မမှန်မကန် သတင်းများ ဖြန့်ဝေခြင်း၊ အများပြည်သူအား အထိတ်တလန့်ဖြစ်စေရန် ခြိမ်းခြောက်ခြင်းနှင့် တမင်ဖန်တီးလုပ်ဆောင်မှုများကို ပြုလုပ်လျှက်ရှိသည်။ ထို့ကြောင့် ပြည်သူလူထုများကြား ဖောက်ခွဲဖျက်ဆီးမှုများဖြစ်ပေါ်လာပါက နအဖစစ်အာဏာရှင်များသာ လုံးဝတာဝန်ရှိသည်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး – မကဒတ (ကျောင်းသားတပ်မတော်)

ရက်စွဲ ။ ။ ၂၀၀၉ခုနှစ် မေလ (၂၅)ရက်

ဆက်သွယ်ရန် ။ ။ (၆၆) ၈၆၁၆၂၃၅၈၂